# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

August 10 , 2022 | Volume 57, Number 8


**၁၀.၈.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၇၈၉ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = ၂၆၅၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၄၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၄.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၀.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၅.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၁.၈၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၄၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၀၇၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်တွင်းပဲစျေးကွက်တွင် မြေပဲဆံတစ်မျိုးတည်းသာ စံချိန်တင် ဆက်လက်မြင့်တက်နေ




ပြည်တွင်းပဲမျိုးစုံစျေးကွက်တွင် မြေပဲဆံတစ်မျိုးတည်းသာ စံချိန်တင်ဆက်လက် စျေးမြင့်တက်နေပြီး ကျန်ပို့ကုန်ပဲများမှာ စျေးအနည်းငယ်သာ မြင့်တက်နေကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ပြည်တွင်း ကုလားပဲအုပ်စုဝင်ဖြစ်သော ဗိုတူးကုလားပဲမှာ နယ်အဝယ်မြင့်တက်လာခြင်းကြောင့် စျေးမြင့်တက်နေပြီး သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၆၂,၀၀၀ ပေါက်စျေးဖြစ်လာသည်။ တချိန်တည်းမှာပင် ပြည်တွင်း စားဆီစျေး မြင့်တက်နေမှု ကြောင့် လက်ကျန်နည်းလာသည့် မြေပဲလုံးဆံမှာ တစ်ပိဿာကျပ် ၆၃၀၀ အထိ စံချိန်တင်စျေးမြင့်တက်လာသည်။ အခြားပို့ကုန်များဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံတို့မှာ စျေးအနည်းငယ်သာ မြင့်တက်လာပြီး ပဲမာလိုင်းများမှာမူ စျေးငြိမ်နေသည်ဟု မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)ကပြောသည်။

"မြေပဲဆန်စျေးကွက်က ဒီတစ်ပတ်မှာ ထိပ်စတစ်ပိဿာ ကျပ် ၆၂၀၀-၆၃၀၀ အထိ စံချိန်တင် ပေါက်စျေးဖြစ်လာပါတယ်။ အခြားပို့ကုန်ပဲတွေက တဖြည်းဖြည်းလေး ပဲ တက်သွားတယ်။ နယ်အဝယ်တွေကြောင့် ကုလားပဲအုပ်ထဲက ဗိုတူးကုလားပဲက တစ်အိတ် ၁၆၂,၀၀၀ ပေါက်စျေးဖြစ်လာတယ်။ တခြားပို့ကုန် ပဲစင်းငုံတွေက တစ်အိတ်ကျပ် ၁၅၀,၀၀၀၊ မတ်ပဲက ကျပ် ၁၆၅,၀၀၀၊ ပဲတီစိမ်းကတော့ စျေးငြိမ်နေတယ်။ လက်ရှိ တရုတ်လိုင်းက သွားလာလို့မကောင်းသေးလို့ ပဲစျေးကွက်အေးနေတဲ့ သဘောပါ" ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ**

ပြည်တွင်းပို့ကုန်သမားများမှာ ဒေါ်လာစျေးအပြောင်းအလဲကို စောင့်ကြည့်နေပြီး လက်ကျန်နည်းလာသည့်မတ်ပဲ၊ ပဲစင်းငုံကို တဖြည်းဖြည်းဝယ်ယူလာသဖြင့် ယခင်သီတင်းပတ်ထက် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၀၀၀ မှ ငွေကျပ် ၁၀,၀၀၀ အထိ မြင့်တက်ဝယ်ယူမှုရှိလာရာ ဩဂုတ် ၃ ရက်တွင် မတ်ပဲတစ်အိတ်ကျပ် ၁၆၅,၀၀၀၊ ပဲတီစိမ်းအညာ တစ်အိတ် ၁၃၅,၀၀၀ကျပ် နှင့် ပဲစင်းငုံ တစ်အိတ် ၁၄၇,၀၀၀ ကျပ် ပေါက်စျေးရှိလာခဲ့သည်။

**မြေပဲ**

ပြည်တွင်း စားအုန်းဆီစျေးကွက်တွင် အဝင်၊ အထွက်နည်းလာသဖြင့် စားဆီတစ်ပိဿာ ကျပ် ၈,၀၀၀ကျော် ပေါက်စျေးဖြစ်လာပြီး ပြည်တွင်းပဲဆီစျေးနှုန်းနှင့်

ကွာခြားမှုနည်းလာခြင်းကြောင့် ပဲဆီစားသုံးမှုမြင့်မားလာချိန်တွင် လက်ကျန်ပဲအနည်းငယ်သာရှိတော့သဖြင့် ဩဂုတ် ၃ ရက်တွင် မြေပဲလုံးဆံအနီမှာ တစ်ပိဿာ ကျပ် ၆၂၀၀-၆၃၀၀ ဈေးဖြင့် စံချိန်တင် ဆက်လက် မြင့်တက်နေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများမှာ ပုံမှန်အရောင်းအဝယ်သာရှိပြီး လက်ကျန်နည်းလာခြင်းကြောင့် ဈေးမြင့်တက်လာရာ ကုလားပဲ V2တစ်အိတ် ၁၆၂,၀၀၀၊ ပဲယင်း တစ်အိတ် ၁၃၀,၀၀၀၊ ပဲကြီးတစ်အိတ် ကျပ် ၂၁၅,၀၀၀၊ ပဲထောပတ်တစ်အိတ် ၁၅၂,၀၀၀၊ စွန်တာပြာ တစ်အိတ် ၁၃၃,၀၀၀၊ မြေထောက်ပဲတစ်အိတ် ၁၈၀,၀၀၀ နှင့် ကျွန်းစားတော်ပဲ တစ်အိတ် ကျပ် ၃၁၀,၀၀၀ ထိ အသီးသီးဈေးမြင့်တက်လာသည်။

Source: Myanma Awba

## မြန်မာ့စီးပွားရေးကိုယ်စားလှယ်အဖွဲ့ ယခုနှစ်အတွင်း ဘီလာရုစ်သို့သွားရောက်မည်

ဘီလာရုစ် စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးအသင်း (BelCCI) ၏ သတင်းစာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ယခုနှစ်အတွင်း ဘီလာရုစ်သို့လာရောက်ရန် စီစဉ်ထားသည်ဟုဆိုသည်။

BelCCI ဥက္ကဋ္ဌ မီခေးမီယက်လီနှင့် ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးတို့ တွေ့ဆုံရာတွင် ယခုကိစ္စကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ယခုဆွေးနွေးပွဲ၌ ကုန်သွယ်ရေးနှင့်စီးပွားရေးကဏ္ဍတွင် ဘီလာရုစ်-မြန်မာပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးဆက်ဆံရေးကို ပိုမိုမြင့်တင်မည့်အလားအလာများနှင့် ယခုနှစ်အတွင်း မြန်မာမှဘီလာရုစ်သို့ ကိုယ်စားလှယ်အဖွဲ့ လာရောက်ခြင်းအပါအဝင် နှစ်နိုင်ငံကြား စီးပွားရေးဆိုင်ရာပွဲများကျင်းပရန် အခွင့်အလမ်းများကိုပါ ထည့်သွင်းဆွေးနွေးခဲ့သည်ဟု Belta သတင်းတစ်ရပ်အရ သိရှိရသည်။

**Source: Belta**

**Popular News Journal**

## ကြက်သွန်နီဈေး တစ်ပိဿာ ၂၁၀၀ ကျပ်အထိ ရောက်လာ



https://greenwaymyanmar.com



https://greenwaymyanmar.com

ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်မှာတော့ ကြက်သွန်နီဈေးတွေဟာ အမျိုးအစားတွေအလိုက် အနိမ့်ဆုံး တစ်ပိဿာ ၁၅၀၀ ကျပ်ကနေ ၂၁၀၀ ကျပ်ထိ ရှိလာပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့တစ်ပတ်ဈေးကွက်အတွင်း အမျိုးအစားတွေအလိုက် အနိမ့်ဆုံးတစ်ပိဿာ ၁၃၅၀ ကျပ်ကနေ ၁၈၅၀ ကျပ် ဈေးနှုန်းတွေနဲ့ ငြိမ်နေခဲ့တဲ့ ကြက်သွန်နီဈေးဟာ မနေ့(ဩဂုတ်လ ၈) က တစ်ပိဿာ ကျပ် ၅၀၊ ၁၀၀ စီ တက်လာခဲ့ပြီး ဒီနေ့(ဩဂုတ်လ ၉) မှာလည်း ကျပ် ၁၀၀၊ ၅၀ စီ ထပ်တက်လာတာပါ။

ကြက်သွန်ဖြူဈေးတွေဟာလည်း မနေ့ကစလို့ အမျိုးအစားအလိုက် တစ်ပိဿာကို ကျပ် ၁၀၀ ခန့်စီဈေးတွေ တက်လာတယ်လို့ သိရပါတယ်။

***ယနေ့ ကြက်သွန်နီဈေးနှုန်းများ (၁ ပိဿာ) (ဘုရင့်နောင်ဈေးကွက်)**

- ကြက်သွန်နီ (ဆိပ်ဖြူရှယ် – သစ်) – ၂၁၀၀ ကျပ်
- ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) – ၂၀၀၀ ကျပ်
- ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) – ၁၇၀၀ ကျပ်
- ကြက်သွန်နီ (ဆိပ်ဖြူလတ်ချော) – ၁၄၀၀ ကျပ်

***ယနေ့ ကြက်သွန်ဖြူဈေးနှုန်းများ (၁ ပိဿာ) (ဘုရင့်နောင်ဈေးကွက်)**

- ကြက်သွန်ဖြူ (ကြူကုတ် – ရှယ်) – ၃၄၀၀ ကျပ်
- ကြက်သွန်ဖြူ (အောင်ပန်း – ထူး-၂) – ၂၂၀၀ ကျပ်

- ကြက်သွန်ဖြူ (အောင်ပန်း – ထူး-၃) – ၂၈၀၀ ကျပ်
- ကြက်သွန်ဖြူ (အောင်ပန်း – ထူး-၄) – ၃၄၀၀ ကျပ်
- ကြက်သွန်ဖြူ (အောင်ပန်း – ထူး-၅) – ၃၇၀၀ ကျပ်

ဒီနေ့မှာတော့ ကုလားပဲဈေး၊ ပဲဆီဈေးတွေလည်း မြင့်တက်လာတယ်လို့ သိရပါတယ်။

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Onion_Garlic_Market_Prices

## ဒေါ်လာ ၁၅၀ အောက်တန်ဖိုးရှိ တရုတ်ဖုန်းများရောင်းချမှု အိန္ဒိယပိတ်ပင်မည်

ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ အခွင့်အလမ်းများကိုတိုးမြှင့်နိုင်ရန် အိန္ဒိယတွင် တရုတ်ကုမ္ပဏီများ၏ ဒေါ်လာ ၁၅၀ (ရူပီး ၁၂,၀၀၀) အောက် ဖုန်းဈေးကွက်ကိုထိန်းချုပ်ရန်ကြိုးစားနေသည်ဟု အမည်မဖော်လိုသည့် သတင်းရင်းမြစ်များကို ကိုးကား၍ Bloomberg သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြခဲ့သည်။ ထိုပြောင်းလဲမှုသည် Xiaomi နှင့် Realme ကဲ့သို့သော တရုတ်စီးပွားရေးလုပ်ငန်းများကို ဆိုးရွားစွာထိခိုက်စေမည်ဖြစ်သည်။

အိန္ဒိယတွင်တရုတ်ဖြစ် Realme နှင့် Transsion ကဲ့သို့သော မိုလ်ဘိုင်းအမှတ်တံဆိပ်များသည် အသုံးပြုသူများသဖြင့် ပြည်တွင်းထုတ်လုပ်မှုများကို ထိခိုက်နေ၍ ယခုကဲ့သို့သတ်မှတ်ရခြင်းဖြစ်သည်ဟု Bloomberg ကဆိုသည်။

တရုတ်နိုင်ငံပြီးလျှင် လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိသည့် တောင်အာရှနိုင်ငံသည် စမတ်ဖုန်းများ၏ အကြီးဆုံးဈေးကွက်တစ်ခုဖြစ်သဖြင့် ယခုအချိန်တွင် တရုတ်သည် အိန္ဒိယဈေးကွက်ကိုလက်မလျှော့လိုသေးပေ။

တရုတ်စမတ်ဖုန်း ထုတ်လုပ်သူများသည် ဈေးကွက်ဝေစု ၈၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားကြသည်။ Xiaomi နှင့် ၎င်း၏ပြိုင်ဘက်များဖြစ်သော Oppo နှင့် Vivo တို့သည်နယူးဒေလီ၏ ပြင်းထန်သော ဘဏ္ဍာရေးစစ်ဆေးမှုကိုခံနေရသည်ဟု ဆိုသည်။

Apple Inc နှင့် Samsung Electronics ကုမ္ပဏီတို့ကမူ ၎င်းတို့၏ဖုန်းများအတွက် အခွန်ပိုမိုပေးသွင်းထားသောကြောင့် ယခုပြောင်းလဲမှုသည် ၎င်းတို့အပေါ် သက်ရောက်မှုမရှိစေလိုကြောင်း ဆိုကြသည်။

Source: Wio News

Popular News Journal

## အိန္ဒိယရှိ ဖို့ဒ်မော်တော်ကားစက်ရုံကို ဒေါ်လာ ၉၁ ဒသမ ၅ သန်းဖြင့် တာတာကုမ္ပဏီဝယ်ယူ

အိန္ဒိယ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ တာတာဟာ အနောက်ဂူဂျာရက်ပြည်နယ်မှာရှိတဲ့ ဖို့ဒ်မော်တော်ကားထုတ်လုပ်ရေးစက်ရုံကို ဒေါ်လာ ၉၁ ဒသမ ၅ သန်းနဲ့ ဝယ်ယူဖို့ သဘောတူလိုက်ပါတယ်။

တာတာကုမ္ပဏီဟာ သူ့ရဲ့မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းကို မြင့်တင်ဖို့ကြိုးပမ်းနေစဉ်မှာ အခုလိုဝယ်ယူမယ့်အစီအစဉ်ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဝယ်ယူရေးသဘောတူညီချက်မှာတော့ စက်ရုံရဲ့မြေနေရာ၊ စက်ယန္တရားပစ္စည်းတွေနဲ့ ကျွမ်းကျင်ဝန်ထမ်းတွေ အပါအဝင်ဖြစ်ပါတယ်။

ဖို့ဒ်ကုမ္ပဏီဟာ အိန္ဒိယလုပ်ငန်းခွဲမှာ အမြတ်အစွန်းရရှိဖို့ ဆယ်စုနှစ် နှစ်စုကြာ ရုန်းကန်ခဲ့ပြီးနောက်မှာတော့ အိန္ဒိယမှာ ကားထုတ်လုပ်မှုတွေကို ပြီးခဲ့တဲ့နှစ်ကရပ်တန့်ခဲ့ပြီး လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ ဒေါ်လာနှစ်ဘီလီယံ အရှုံးပေါ်ခဲ့ပါတယ်။ ဒီလိုစက်ရုံဝယ်ယူလိုက်တာကြောင့် အဲဒီစက်ရုံကနေ ကနဦးမှာ တစ်နှစ်ကို ကားအစီးရေ သုံးသိန်းထုတ်လုပ်နိုင်မှာဖြစ်ပြီး နောက်ပိုင်းမှာတော့ အစီးရေလေးသိန်းနှစ်သောင်းထိ တိုးမြှင့်ထုတ်လုပ်သွားနိုင်ခြေရှိတယ်လို့ တာတာကုမ္ပဏီက ထုတ်ဖော်ပြောဆိုထားပါတယ်။

**Source:** http://sdtimedaily.com/

# STOCK EXCHANGE (10.8.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Search...

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 10th Aug. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +0 | +0.00% | 6,900 | 7,100 | 6,900 | 274 | 1,894,400 | 33,109,694 | 235,079 |
| MTSH | 00002 | 2,450 | +50 | +2.08% | 2,450 | 2,450 | 2,450 | 687 | 1,683,150 | 38,929,150 | 95,376 |
| MCB | 00003 | 6,900 | -100 | -1.43% | 6,900 | 6,900 | 6,900 | 4 | 27,600 | 10,400,986 | 71,767 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 0 | 0 | 2,472,053 | 44,497 |
| TMH | 00005 | 2,350 | -50 | -2.08% | 2,350 | 2,400 | 2,350 | 11 | 25,900 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +50 | +2.08% | 2,350 | 2,450 | 2,350 | 41 | 97,450 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |

## Market summary

As of 10th Aug. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 331.82 | +0.73 | +0.22% | 328.40 | 332.19 | 327.44 | 1,017 | 3,728,500 | 7 | 577,236 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 10th Aug. 2022

| MYANPIX | 331.82 ▲ 0.73 |
|---|---|
| Total Volume (shares) | 1,017 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 577,236 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 0 |
| MTSH | 00002 | 2,450 | ▲ 50 |
| MCB | 00003 | 6,900 | ▼ 100 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,350 | ▼ 50 |
| EFR | 00006 | 2,450 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |